# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

## သတ္တမနေ့အစီအစဉ်

## ( ၂၉ – ၉ –၂၀၂၆ ) ( အင်္ဂါနေ့)  နေ့လယ် ၁၃:၃၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုးလှ၊ ကျိုက်ထိုမဲဆန္ဒနယ်၏ **ကျိုက်ထီးရိုးစေတီတော် တည်ရှိရာဒေသသို့ နိုင်ငံခြားခရီးသည်များ လာရောက်ခွင့်ရှိသည့် အခြေအနေအား ဖြေလျှော့ပေးရန် သို့မဟုတ် ၎င်းတို့ အလွယ်တကူဝင်ရောက်နိုင်ရန် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးအောင်ကျော်သူ၊ မလှိုင်မဲဆန္ဒနယ်၏ **မလှိုင်မြို့နယ်၊ မြို့ဦးကွက်သစ်ရပ်ကွက်နှင့် နယ်မြေ(၁၀/ ၁၁/ ၁၄) တို့အတွက် စက်ရေတွင်းတူးခြင်း၊ ရေစုကန်ဆောက်ခြင်း၊ ရေစုပ်ပန့်တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်ခြင်းများအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးအေးချမ်း၊ လှိုင်သာယာ (အရှေ့ပိုင်း) မဲဆန္ဒနယ်၏ **ရန်ကုန်မြို့အတွင်းရှိ ဘတ်စ်ကားမှတ်တိုင်များနှင့် ရှေ့နောက်ကြေညာဆိုင်းဘုတ် လုပ်ပိုင်ခွင့်စာချုပ်အား မည်သို့ပြန်လည်စိစစ်၍ ဥပဒေနှင့်အညီ မည်ကဲ့သို့အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးငြိမ်းထွေး၊ အင်းစိန်မဲဆန္ဒနယ်၏ **အင်းစိန်မြို့နယ်၌ အိမ်ရာကွက်ဖော်ပြီး အဆောက်အဦများ ဆောက်လုပ်ရောင်းချခြင်းနှင့် ဂရန်မြေကွက်များ ရောင်းချခြင်းသည် မည်သည့်ဌာနမှ ခွင့်ပြုထားသည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးဌေးဝင်း၊ ဟသ်ာတမဲဆန္ဒနယ်၏ **ဟသ်ာတမြို့၊ ရုံးကြီးရပ်ကွက် ကြက်ခြေနီအသင်းရုံးနှင့် မိခင်နှင့်ကလေးအသင်းရုံးတို့၏ ရုံးမြေနေရာအား စည်ပင်သာယာဦးစီးဌာနမှ စွန့်လွှတ်ပေး၍ မြေငှားဂရန်ထုတ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးမိုးတင်၊ စေတုတ္တရာမဲဆန္ဒနယ်၏ **စေတုတ္တရာမြို့နယ်အတွင်းရှိ မျှဉ်းကြောင်းတောင်အဆင်းမှ တပွင်ရွာအထိလမ်း၌ ဖူးဝမှ ကျောက်ချော လမ်းအား ကွန်ကရစ်လမ်းအဖြစ်လည်းကောင်း၊ ကျန်ဂဝံလမ်းအား ကျောက်ချောလမ်းအဖြစ်လည်းကောင်း အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးဉာဏ်ဝင်းထိုက်၊ ဗိုလ်တထောင်မဲဆန္ဒနယ်၏ **Smart City ဖြစ်စေရန် တန်ဖိုးသင့်အိမ်ရာများတည်ဆောက်ပေးခြင်း၊ စက်မှု/ စိုက်ပျိုး/ မွေးမြူရေး လုပ်ငန်းအား အကျိုးတူလုပ်ကိုင်ရန် အငှားမြေများချထားပေးခြင်းနှင့် ကားလမ်းမပေါ်တွင် ဈေးရောင်းချနေသူများကို စနစ်တကျ ရှင်းလင်းပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးတင်ဦး၊ အိမ်မဲ မဲဆန္ဒနယ်၏ **ညောင်ကုန်းချောင်းဖျား၊ သရက်ကုန်း ကျေးရွာအုပ်စုချင်းဆက်လမ်းအား ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ်ထည့်သွင်း လျာထား၍ ပျက်စီးနေသောလမ်းကို ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးဆလိုင်းအောင်ပြည့်၊ တီးတိန်မဲဆန္ဒနယ်၏ **တီးတိန်မြို့နယ်၊ မဏိပူရ်မြစ်ကူး ဒါတ်တားတံတားအား အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဒေါက်တာငွေးဝင်း၊ အင်ပူမဲဆန္ဒနယ်၏ **ထူးကြီး- ရွှေကျင်လမ်းမှ အင်ပူမြို့နယ်အပိုင် ထူးကြီး- ကညွတ်ကုန်းလမ်းမှာ ပျက်စီးနေပါသဖြင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၇။ ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်က **"မြန်မာမှုရိုးရာ စားစရာ "ထမနဲ" ကို လည်းကောင်း၊ မြန်မာမှုလက်ရာ ရက်ကန်းပညာ"လွန်းရာကျော်ကြိုးကြီးအချိတ်လုပ်ငန်း"ကို လည်းကောင်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရန် ယူနက်စကိုသို့ ပေးပို့လုပ်ဆောင်သင့်ကြောင်း"** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။